# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၈ ) ရက်နေ့။

ဖယ်ခုံမြို့နယ်၊ ကောင်းမိုင်းနှင့် လွယ်လုံကျေးရွာအကြားတွင်၊ မနက် (၆း၃၀ ) နာရီခန့်တွင် စစ်အင်အားဖြည့်တင်းလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို KNDF မှ ခုခံတိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များမှ၊ လက်နက်ကြီးများဖြင့် မွန်းတည့် (၁၂း၀၀) နာရီအထိ ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် စက်တင်ဘာလ(၂၇) ရက်နေ့ ညနေပိုင်း ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာတွင် ၄င်းတို့ စစ်ကူ ယာဉ်တန်း တိုက်ခိုက်ခံရအပြီး ဖယ်ခုံမြို့နယ်ဖက်သို့ စစ်ကြောင်းလေးကြောင်းဖြင့် ခြေလျင်ချီတက်ကာစစ်ကြောင်းထိုးခဲ့ပါသည်။ ခေါင်းမိုင်းတိုက်ပွဲအပြီးတွင် အင်အား (၁၅၀) ခန့်ရှိသောအကြမ်းဖက် စစ်ကောင်စီတပ်များသည် ဖယ်ခုံမြို့နယ်ရှိ (၄၂၂) တပ်ရင်းသို့ ဆုတ်ခွာခဲ့သည်။

ထို့အပြင် ည (၇း၅၀) နာရီခန့်တွင် ဒီးမော့ဆိုမြို့နယ် ဒေါင်ခါးကျေးရွာဘက်သို့ အကြမ်းဖက်စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဖယ်ခုံမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များကို အလွန်အကျွံအင်အားသုံးပြီး ထိုးစစ်ဆင်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ။ 09 755884041

09 899119210, 097748910684